သို့

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

မြစ်ကြီးနားမြို့

ရက်စွဲ၊ ၁၄ ရက်၊ မတ်လ၊ ၂၀၁၂ခုနှစ်။

**အကြောင်းအရာ။ ။အိမ်ဟောင်းများဖျက်သိမ်းရေးနှင့် ဂတိဝန်ခံ လက်မှတ်ရေးထိုးစေခြင်းကိစ္စနှင့် ပတ်သက်၍ အသနားခံတင်ပြခြင်း။**

**ရည်ညွှန်းချက်။ ။မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး၏ ၇.၃.၂၀၁၂ ရက်စွဲပါ စာအမှတ် ၁၀၁/ ၂.၅ /ခရအ (မကန) ၁၀၄၀။**

၁။ အထက်အကြောင်းအရာပါရည်ညွှန်းချက်ကိစ္စနှင့်ပတ်သက်၍ အောင်မြင်သာစံပြကျေးရွာ ဒေသခံ ပြည်သူလူထုများ၏ ခံစားချက်နှင့် အခက်အခဲများကို လေးစားအပ်ပါသော ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ အသနားခံတင်ပြအပ်ပါသည်။

၂။ ယခင်မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း စတင်ချိန် တန်ဖဲကျေးရွာတွင် ၂၀.၉.၂၀၀၉ – ၁၀.၁၀.၂၀၀၉ ရက်နေ့များ၌ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း၊ လျှပ်စစ်ဝန်ကြီးဦးမင်းဇော်၊ ဆက်သွယ်ရေးဝန်ကြီးဦးသိန်းဇော်၊ ဃဏူ ဒု–ဥက္ကဋ္ဌ၊ အေးရှားဝေါလ် လူကြီးမင်းများနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်တိုင်း၊ ဒေသခံပြည်သူများက မိမိတို့ကျေးရွာများကို မစွန့်ခွာပေးနိုင်ကြောင်း မိမိတို့ ဘိုးဘွားပိုင် ဥယျာဉ်ခြံမြေများကိုသာ မှီခိုလုပ်ကိုင် စားသောက်နေရကြောင်းများကို အကြိမ်ကြိမ်တင်ပြခဲ့ပါသည်။ လူကြီးမင်းများသည် တန်ဖဲမြစ်ဆုံဒေသတစ်ဝိုက် ပတ်ဝန်းကျင်တွင် ရေမဝပ်မခြင်း ကာလပတ်လုံး လွတ်လပ်စွာ နေထိုင် လုပ်ကိုင်စားသောက်ခွင့်ပြုကြောင်းနှင့် ရေဝပ်မည့် ဧရိယာဖြစ်၍ ပြောင်းရွှေ့ ခိုင်းခြင်းသာဖြစ်ပြီး၊ မိမိတို့နှင့် ဒေသခံများ တွေ့ဆုံ ဆွေးနွေးပြောဆိုခဲ့မှုများသည် လေထိုးလေလျှော့ မဟုတ်ကြောင်း ဒေသခံပြည်သူများအား ဂတိကဝတ်ပြုခဲ့ကြသည်ကို ဒေသခံများယုံကြည်နေကြဆဲဖြစ်ပါသည်။

၃။ စက်တင်ဘာ ၃၀၊ ၂၀၁၁ ရက်နေ့တွင်နိုင်ငံတော်သမ္မတမှ ပြည်သူလူထု၏ဆန္ဒကို လိုက်လျော ပေးသောအနေဖြင့်၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ရပ်ဆိုင်းပေး လိုက်သော ကြောင့် ဒေသခံပြည်သူများ ကျေးဇူးတင်ဝမ်းသာ မဆုံးဖြစ်နေကြပါသည်။

၄။ သို့သော် ၆.၃.၂၀၁၂ ရက်နေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးမှ မူလနေရာများတွင် လုပ်ကိုင်စားသောက်နေသော ဒေသခံများ ၂၂ ယောက်ကို ရုတ်တရက် ထိတ်လှန့်တကြား ခေါ်ဆောင်သွားပြီး တန်ဖဲဒေသတွင် နေထိုင်လုပ်ကိုင်စား သောက်ခြင်း မပြုလုပ်တော့ပါကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုး စေခိုင်းခဲ့ပါသည်။

၅။ ရည်ညွှန်းချက် ၇.၃.၂၀၁၂ စာအရအိမ်ဟောင်းများကိုလည်း မတ်လ ၁၇ ရက် ၂၀၁၂ ခုနှစ် နောက်ဆုံးထား၍ မိမိအစီအစဉ်ဖြင့် ဖျက်သိမ်းရန်နှင့် ကျေးရွာဒေသခံများကို စားပင်၊ သီးပင်၊ နှစ်ရှည်ပင်၊ သစ်တောသစ်ပင် နစ်နာကြေးများကို ဒေသန္တရပေါက်ဈေးနှုန်းထက်မက ထိုက်ထိုက်တန်တန် ပေးလျော်ပေးပြီးဖြစ်ကြောင်း၊ ဒေသခံများက ကျေနပ်စွာလက်ခံရရှိပြီးဖြစ်၍ နောက်နောင်တွင် နစ်နာကြေးပေးလျော်ထားသော နယ်မြေသို့ လုံးဝ (လုံးဝ) ပြန်လည် အခြေချ နေထိုင်ခွင့် မရှိကြောင်း မူလနေရာတွင် နေထိုင်လုပ်ကိုင်စားသောက်ပါက တည်ဆဲဥပဒေပုဒ်မ (၁၈၈)အရ ထိရောက်စွာ အရေးယူခံရမည်ကို ဒေသခံပြည်သူများ သိရှိပါကြောင်း ဝန်ခံ ကတိ လက်မှတ် ရေးထိုးစေပါသည်။

**အထက်ပါ ဝင်စာကိုရှင်းလင်းခြင်း**

**(က) သီးနှံလျော်ကြေးနှင့်ပတ်သက်၍ မည်သည့်ဈေးနှုန်း၊ ဘယ်နှစ်နှစ်စာ အတွက် ပေးသည်ကို မသိရှိရပါ။**

**( ခ ) သီးနှံလျော်ကြေးများအပြည့်အဝမရရှိပါ။ (အချို့မှာ လုံးဝ မရရှိသူများလည်းရှိသည်။)**

**( ဂ ) နှစ်ရှည်ပင်၏လျော်ကြေးကိုမရရှိပါ။**

**(ဃ) နစ်နာကြေးဆို၍မရရှိပါ။**

**( င ) အိမ်ယာမြေကွက်မရရှိသူ မိသားစုများရှိကြသည်။**

**( စ ) လယ်ယာမြေ ရသင့်သော မိသားစုများ လုံးဝမရရှိပါ။**

**(ဆ) ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့မှ ချပေးသောမြေ (၂ ဧက)စီ တစ်ချို့ မိသားစုအတွက် မြေယာရှာနေဆဲ ဖြစ်ပါသည်။**

**(ဇ) ပြောင်းရွှေ့ခံခဲ့ရသော တန်ဖဲကျေးရွာ၊ မလိဇွပ်ရွာနှင့် လဖျဲ့ရွာ (ပဒန်ပါ) တို့မှ ရွာသားများသည် အုပ်ချုပ်သူအာဏာပိုင်များ အဆင့်ဆင့်နှင့်** Asia World Company **တို့၏ ဖိအားပေးမှု အမျိုးမျိုးတို့ကို မခံနိုင်သည့် အဆုံး မိမိတို့၏ ဆန္ဒသဘောထား မပါဘဲ အောင်မြင်သာ စံပြကျေးရွာသို့ ပြောင်းရွှေ့ ခဲ့ရပါသည်။**

၆။ အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ အောင်မြင်သာစံပြကျေးရွာ လူထုတို့အားလုံးမှ ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးအဖွဲ့ထံ ဒေသခံများ၏ အခက်အခဲများကို အသနားခံစာ တင်ပြရန် သဘောတူညီကြပါသည်။

၇။ ဒေသခံများ ပြောင်းရွှေ့ခံခဲ့ ရသည့်အတွက် သီးနှံလျော်ကြေးအနည်းအကျဉ်း ရရှိ ခဲ့သည့် ငွေကြေးများကို မိမိတို့၏ နေအိမ်ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ မီးဖိုဆောင်ဆောက်လုပ်ခြင်း၊ အချို့မှာ မိသားစုစားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစရိတ်များကြောင့် ငွေကြေးများ ကုန်ခမ်းသွားပြီး ဖြစ်ပါသည်။ ယခုနေထိုင်သော အောင်မြင်သာစံပြကျေးရွာသည် နေအိမ်၊ လမ်း၊ ရေ၊ မီး အသင့်သင့် အဆင် ပြေသော်လည်း ဝမ်းစာရေးအတွက် ဝင်ငွေရရှိနိုင်သောလုပ်ငန်းများမရှိပါ။ လုပ်ကိုင်စားသောက်ရန် မြေဆီလွှာခမ်းခြောက်ခြင်း၊ အိမ်ခြံဝင်းအတွင်း ကျောက်တုံးကျောက်ခဲ များပေါများခြင်း၊ ကျွဲ၊ နွား၊ ဆိတ် စားကျက်မြေ မရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူ စားသောက်နိုင်ရန် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ အရင်ဦးဆုံး ပြောင်းရွှေ့ ခံရသော မိသားစုများသည် ယနေ့စားသောက်ရန်စားစရာမရှိ ဖြစ်နေရပါသည်။ ရှေ့ဆက်၍ ကျွန်တော်၊ ကျွန်မတို့၏ ရှေ့ရေးသည် ယခုလက်ရှိအနေအထားထက်ပို၍ ဆိုးဝါးလာနိုင် ပါသည်။ ယခင်နိုင်ငံတော်အကြီးအကဲများ ပြောဆိုကတိပေးလမ်းညွှန်မှု စကားများသည် ယခု လူကြီးမင်းများ အုပ်ချုပ်မှုကာလတွင်လည်း တည်မြဲနေမည်ဟု ယုံကြည်လက်ခံကြပါသည်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ ဒုက္ခများကို မျှဝေ ခံစားသနားညှာတာ သောအားဖြင့် ကျွန်တော်ကျွန်မများ၏ မူလနေရာများတွင် လွတ်လပ်စွာ ဆက်လက်ပြီး လုပ်ကိုင်စားသောက် နေထိုင်ခွင့်ကို လမ်းညွှန်ကူညီပေးပါရန် မိဘသဖွယ် ဦးထိပ်ထားအပ်ပါသော ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးအဖွဲ့ထံ သဘောတူညီစွာ ဆန္ဒပြု လက်မှတ်ရေးထိုးပြီး အသနားခံ တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

အသနားခံတင်ပြကြသူများ
အောင်မြင်သာ စံပြကျေးရွာလူထု

မိတ္တူကို –

(၁) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြစ်ကြီးနားမြို့
(၂) မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြစ်ကြီးနားမြို့
(၃) အင်ဂျန်းယန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး
(၄) အောင်မြင်သာအုပ်ချုပ်ရေးမှူးရုံး
(၅) CPIYN၊ မြစ်ကြီးနားမြို့
(၆) AWC၊ မြစ်ကြီးနားမြို့
(၇) DHPI၊ မြစ်ကြီးနားရုံး
(၈) ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ မြစ်ကြီးနားမြို့
(၉) ကက်သလစ် သာသနာဆရာတော် ရုံးချုပ်၊ မြစ်ကြီးနားမြို့
(၁၀) မြစ်ကြီးနားခရစ်ယာန်များကောင်စီ၊ မြစ်ကြီးနားမြို့
(၁၁) မြန်မာနိုင်ငံခရစ်ယာန်များအသင်းတော်၊ မြစ်ကြီးနားမြို့
(၁၂) လွတ်လပ်သောတိုင်းရင်း ခရစ်ယာန်အသင်းတော်၊ မြစ်ကြီးနားမြို့
(၁၃) WMR ကချင်အတိုင်ပင်ခံအဖွဲ့ချုပ်ရုံး၊ မြစ်ကြီးနားမြို့
(၁၄) ကချင်ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီ၊ မြစ်ကြီးနားမြို့
(၁၅) တောင်တန်းသာသနာပြုကျောင်းတိုက်၊ အန်တော်ရှင်စေတီတော်၊ မြစ်ကြီးနားမြို့။
(၁၆) လက်ခံ။